ရက် ၁၀၀ စီမံကိန်းအတွင်း

အကြမ်းဖက်စစ်အုပ်စု ဘာတွေကျူးလွန်ခဲ့သလဲ။

WHAT ATROCITIES DID THE JUNTA COMMIT

DURING ITS 100-DAY SCHEME?

Data by Ministry of Human Rights
(April 20, 2026 - June 30, 2026)

အကြမ်းဖက်စစ်အုပ်စု ဘယ်လို အကြမ်းဖက်ရက်စက်မှုတွေကို ကျူးလွန်ခဲ့သလဲ။

What Kinds of Atrocities committed by Junta within the 100-Day Scheme ?



လူ့အခွင့်အရေး ချိုးဖောက်မှု ပေါင်း

၁,ဝ၄၅

Total Number of Human Rights Violations

1,045

၂၀၂၆၊ ဧပြီ ၂၀ ရက်နေ့မှ ၂၀၂၆၊ ဇွန် ၃၀ ရက်နေ့အထိ ကောက်ယူရရှိထားသောအချက်အလက်များဖြစ်သည်။

Data collected from April 20, 2026, to June 30, 2026.

ဒီအကြမ်းဖက်မှုတွေကို ဘယ်ဒေသတွေကို ပစ်မှတ်ထား ကျူးလွန်ခဲ့တာလဲ။

Which areas did the junta target to commit these atrocities?



မကွေးဒေသ

ချိုးဖောက်ခံရမှု အများဆုံးဒေသ

Most Affected Area

Magway

အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတွေကို ဘယ်လောက်ထိ ကျူးလွန်ခဲ့သလဲ။

What is the scale of massacres committed by the junta during its 100-day scheme?

အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှုဖြစ်စဉ်ပေါင်း - ၂၀

Total Number of Massacres - 20



၁၆၂ ဦး

စုစုပေါင်းသေဆုံးသူ

Total Number of Fatalities

162

ဖြစ်စဉ် (၁) ခုအတွင်း (၅) ဦးနှင့်အထက် တပြိုင်နက်တည်းသတ်ဖြတ်ခံရသည့် ဖြစ်စဉ်များကို အစုလိုက်အပြုံလိုက်ဖြစ်စဉ် တခုအဖြစ် သတ်မှတ်သည်။

The Ministry of Human Rights defines mass atrocities as incidents involving the simultaneous killing of five or more individuals in a single event.

လေကြောင်းတိုက်ခိုက်မှုတွေ ဘယ်လောက်ထိ ကျူးလွန်ခဲ့သလဲ။

What is the scale of airstrikes launched by the junta during its 100-day scheme?



လေကြောင်းတိုက်ခိုက်ခံရသည့် အကြိမ်အရေအတွက်

၁,၁၄၇

Number of Aerial Attacks by Junta

1,147

အရပ်သားပြည်သူတွေအပေါ် ပစ်မှတ်ထားသည့် လေကြောင်းတိုက်ခိုက်မှုတွေကြောင့် အသက် ၁၈ နှစ်အောက် ကလေးငယ်များအပါအဝင် လူပေါင်း (၂၇၇) ဦး သေဆုံးခဲ့ရပါသည်။

အသက် ၁၈ နှစ်အောက်	အသက် ၁၈ နှစ်အထက်	ခွဲခြား၍မရ
၄၅ ဦး	၁၁၂ ဦး	၁၂၀ ဦး

277 killed, including children under 18, in targeted airstrikes against civilians.

Under 18	Above 18	Unknown
45	112	120

လေကြောင်းတိုက်ခိုက်မှုတွေ ဘယ်လောက်ထိ ကျူးလွန်ခဲ့သလဲ။

What is the scale of airstrikes launched by the junta during its 100-day scheme?

အရပ်သားပြည်သူတွေအပေါ် ပစ်မှတ်ထားသည့် လေကြောင်းတိုက်ခိုက်မှုတွေကြောင့် အသက် ၁၈ နှစ်အောက် ကလေးငယ်များအပါအဝင် လူပေါင်း (၄၃၁) ဦး ထိခိုက်ဒဏ်ရာရခဲ့ပါသည်။

အသက် ၁၈ နှစ်အောက်	အသက် ၁၈ နှစ်အထက်	ခွဲခြား၍မရ
၄၆ ဦး	၁၂၀ ဦး	၂၆၅ ဦး

431 Injured, including children under 18, in targeted airstrikes against civilians.

Under 18	Above 18	Unknown
46	120	265

ဒါ့အပြင် လေကြောင်းတိုက်ခိုက်မှုကြောင့်လူနေအိမ်၊ ကျောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအဆောက်အအုံများ နှင့် ဘာသာရေး အဆောက်အအုံများလည်း ထိခိုက်ပျက်စီးခဲ့ရသည်။

			ဘာသာရေး အဆောက်အအုံ
၆၀၀	၂၂	၉	၃၀

In addition, these airstrikes resulted in the destruction of civilian infrastructure, including residential homes, schools, healthcare facilities, and religious structures.

			Religious Structures
600	22	9	30

အကြမ်းဖက်စစ်အုပ်စုရဲ့ရက် ၁၀၀ စီမံကိန်း ကာလအတွင်း အဆိုးရွားဆုံး ကျူးလွန်ခံရတဲ့ လူ့အခွင့်အရေးချိုးဖောက်မှု သာဓက ဖြစ်စဉ်တွေက ဘာတွေလဲ။

ဖြစ်စဉ် (၁) - ဖက်ပင်အိုင်ရွာ

၂၀၂၆ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ ညနေပိုင်းတွင် မန္တလေးဖယ်ဒရယ်ယူနစ်၊ မြင်းခြံမြို့နယ်ရှိ အိမ်ခြေ (၃၆၀) ခန့်ရှိသော ဖက်ပင်အိုင်ရွာ သို့ ကန်နီရွာဘက်မှလာသည့် အကြမ်းဖက်စစ်အုပ်စု၏ တပ်မ (၉၉) လက်အောက်ခံ အင်အား (၁၀၀) ကျော်သည် သေနတ်များဖြင့် ပစ်ခတ်စီးနင်းခဲ့ကြသည်။ ဧပြီလ (၂) ရက်နေ့ နံနက်အစောပိုင်းတွင် ဆုံရွာမှ စစ်သားများနှင့် ပျူစောထီးများ ထပ်မံအင်အားဖြည့်တင်းသဖြင့် စုစုပေါင်းအင်အား (၃၀၀) ဝန်းကျင်ဖြင့် ပြည်သူများကို ရွာပြင်သို့ မောင်းထုတ်ခဲ့ကြပြီး၊ နံနက် (၈) နာရီခွဲခန့်တွင် လူနေအိမ်များကို စတင်မီးရှို့ဖျက်ဆီးခဲ့ကြသည်။ ထိုသို့ စီးနင်းစဉ် ရွာအဝင်ဆိုင်းဘုတ်အနီး၌ အသက် (၆၀) အရွယ် အမျိုးသမီးတစ်ဦးနှင့် ဆိုင်ကယ်စီးလာသည့် အသက် (၆၀) အရွယ် အမျိုးသားတစ်ဦးတို့ကို သေနတ်ဖြင့် ပစ်သတ်ခဲ့ပြီး၊ ရွာသားများကို သင်္ဂြိုဟ်ခွင့်မပြုဘဲ စစ်သားများက အလောင်းများကို မီးရှို့ဖျက်ဆီးခဲ့ကြသဖြင့် အရိုးစုများသာ ပြန်လည်တွေ့ရှိခဲ့ရသည်။

ထို့နောက် နံနက် (၁၀) နာရီခန့်တွင် မီးငြိမ်းရန် ကြိုးစားသူများနှင့် သစ်ပင်အောက် ခိုလှုံနေကြသူများကို ဒရုန်းဖြင့် အကြိမ်ကြိမ် ဗုံးကြဲတိုက်ခိုက်ခဲ့ကြသည်။ ၎င်းကြောင့် အသက် (၆၃) နှစ် အမျိုးသမီး (ဦးခေါင်းပွင့်ဒဏ်ရာ)၊ အသက် (၇၈) နှစ် အမျိုးသား (ခြေပြတ်ဒဏ်ရာ)၊ အသက် (၃၃) နှစ် အမျိုးသမီး (ကျော၊ နံရိုးအောက်ထိဒဏ်ရာ)၊ အသက် (၈၇) နှစ် အမျိုးသား၊ တဲဘေးတွင် ရှောင်နေသည့် အသက် (၂၇) နှစ် အမျိုးသမီး (လက်ပြင်အောက်ဖောက်ဝင်ဒဏ်ရာ) နှင့် ပြည်သူများကို ကယ်ထုတ်နေကြသည့် အသက် (၂၂) နှစ်၊ (၄၀) နှစ်၊ (၂၀) နှစ်အရွယ်ရှိ ရဲဘော် (၃) ဦးတို့ သေဆုံးခဲ့ရသည်။ စစ်အုပ်စုသည် ထိုမျှနှင့်မရပ်ဘဲ သေဆုံးသွားသည့် အသက် (၆၃) နှစ် အမျိုးသမီး၏ ရုပ်အလောင်းကို သယ်ဆောင်လာသည့် မိသားစုဝင်များကို ဒရုန်းဖြင့် ထပ်မံဗုံးကြဲခဲ့သဖြင့် အသက် (၃၇) နှစ်အရွယ် သားဖြစ်သူမှာ နောက်ကျောပွင့်ဒဏ်ရာဖြင့် ထပ်မံသေဆုံးခဲ့ရပြီး၊ အသက် (၆၅) နှစ်အရွယ် ခင်ပွန်းဖြစ်သူလည်း ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ အိမ်ခြေ ၃၀၀ ခန့်ရှိ ဖက်ပင်အိုင် တရွာလုံးနီးပါး မီးလောင် ပြာချခဲ့ရသည်။

ဖက်ပင်အိုင်ရွာ ဖြစ်စဉ် သက်သေမှတ်တမ်း | Evidence Photo of Hpet Pin Aing Village Case

မှတ်ချက်

ဖော်ပြထားရှိသော သာဓက ဖြစ်စဉ်များသည် လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနမှ ခိုင်မာသော အချက်အလက်များ စနစ်တကျ ကောက်ယူထားနိုင်သော ဖြစ်စဉ်များဖြစ်သည်။

အကြမ်းဖက်စစ်အုပ်စုရဲ့ ရက် ၁၀၀ စီမံကိန်း ကာလအတွင်း အဆိုးရွားဆုံး ကျူးလွန်ခံရတဲ့ လူ့အခွင့်အရေးချိုးဖောက်မှု သာဓက ဖြစ်စဉ်တွေက ဘာတွေလဲ။

ဖြစ်စဉ် (၂) - စေတီပြင်ရွာ

၂၀၂၆ ခုနှစ်၊ မေလ (၂၄)ရက်နေ့တွင် ရခိုင်ပြည်၊ စစ်တွေခရိုင်၊ ရသေ့တောင်မြို့နယ်၊ စေတီပြင်ရွာမှ စစ်ဘေးရှောင် ရိုဟင်ဂျာ မောင်လှမင်း၏ မိသားစုဝင် အမျိုးသား (၂)ဦးနှင့် အမျိုးသမီး (၄)ဦး၊ စုစုပေါင်း ၇ ဦးတို့ ရေကြောင်းဖြင့် ခရီးထွက်လာစဉ် အကြမ်းဖက်စစ်အုပ်စု၏ ရေတပ်မှ ပစ်ခတ်မှုကြောင့် မိသားစုဝင် (၆)ဦး နေရာတွင် သေဆုံးခဲ့ကာ အသက်ရှင်ကျန်ရစ်သည့် ၄ နှစ်အရွယ် ကလေးငယ် (မ) ၁ ဦးကိုလည်း ထပ်မံသတ်ဖြတ်ခဲ့ကြသည်။

ဖြစ်စဉ် (၃) - ငါန်းလွှန့် နှင့် သပြေသာရွာ

၂၀၂၆ ခုနှစ်၊ မေလ (၂၇)ရက်နေ့၊ နံနက် (၁၁)နာရီတွင် မန္တလေးဒေသ၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်၊ ငါန်းလွှန့်နှင့် သပြေသာရွာများသို့ ငါန်းဇွန်မြို့မှ ထွက်လာသော အကြမ်းဖက်စစ်အုပ်စုနှင့် လက်အောက်ခံပျူစောထီးများသည် တာဘောင်လမ်းအတိုင်း စစ်ကြောင်းထိုးဝင်ရောက်၍ ဒရုန်းဖြင့် ဗုံးသီးကြဲချတိုက်ခိုက်ခဲ့ရာ ဓာတ်တောရွာနှင့် ကုလရွာများမှ စစ်ရှောင်ပြည်သူများဖြစ်သော ဓာတ်တော်ရပ်ကျေးပကဖ ဦးတင်ညွန့် (၄၀)နှစ်၊ ဓာတ်တော်ရွာမှ အသက် (၅၅)နှစ်အရွယ်ကျား (၁) ဦး၊ မဥမ္မာစိုး အသက် (၃၀)နှစ်အရွယ် မ (၁) ဦး၊ အသက် (၁၃)နှစ်အရွယ် ကျား (၁) ဦး၊ ကုလရွာမှာ အသက် (၃၅)နှစ်အရွယ် ကျား (၁) ဦး၊ (၃၀)နှစ်အရွယ် ကျား (၁) ဦး၊ အသက် (၆၁)နှစ်အရွယ် မ (၁) ဦး၊ ထို့ပြင်(၂၅)နှစ်အရွယ် ပဖက အဖွဲ့ဝင်ကျား(၁)ဦး၊ အသက် (၇)နှစ် အရွယ် မ (၁) ဦး စုစုပေါင်း ၂ ဦး ပြင်းထန်စွာဒဏ်ရာရရှိခဲ့သည်။

ငါန်းလွှန့်ရွာ ဖြစ်စဉ် သက်သေမှတ်တမ်း | Evidence Photo of Ngan Hlwan Village Case

မှတ်ချက်

ဖော်ပြထားရှိသော သာဓက ဖြစ်စဉ်များသည် လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနမှ ခိုင်မာသော အချက်အလက်များ စနစ်တကျ ကောက်ယူထားနိုင်သော ဖြစ်စဉ်များဖြစ်သည်။

What are the most severe examples of human rights violations committed during the junta's 100-day scheme?

Case (1) - Hpet Pin Aing

On the evening of April 1, 2026, a force of over 100 junta troops from Light Infantry Division (LID) 99 advanced from Kanni Village and raided Hpet Pin Aing Village—a community of about 360 households located in Myingyan Township, Myingyan District, Mandalay Federal Unit—while opening gunfire. By the early morning of April 2, this force was reinforced by additional junta troops and proxy Pyu Saw Htee militia from Son Village, bringing the total strength to around 300 personnel. After forcing the residents out of the village, the combined forces began systematically setting fire to civilian homes at around 8:30 AM. Near the village entrance sign, a 60-year-old woman and a 60-year-old man riding a motorcycle were shot and killed on the spot. When villagers requested to hold a proper funeral for the two deceased, the junta troops refused, claiming they would handle the cremation themselves, but instead burned the bodies, leaving only skeletal remains.

Around 10:00 AM, the junta deployed drones to repeatedly drop bombs on villagers attempting to extinguish the fires and those seeking shelter under trees. This brutal attack killed a 63-year-old woman (fatally sustained an open head injury), a 78-year-old man (severed legs), a 33-year-old woman (back and subcostal wounds), an 87-year-old man, a 27-year-old woman taking shelter near a hut (deep puncture wound below the shoulder blade), and three defense comrades aged 22, 40, and 20 who were rescuing civilians. Furthermore, as the family was transporting the body of the deceased 63-year-old woman, the junta launched another drone strike, killing her 37-year-old son from a severe back wound and injuring her 65-year-old husband. Ultimately, nearly the entire village of Hpet Pin Aing, consisting of around 300 homes, was reduced to ashes.

| Evidence Photo of Hpet Pin Aing Village Case

Note

The case studies presented above are verified incidents systematically documented and compiled by the Ministry of Human Rights

What are the most severe examples of human rights violations committed during the junta's 100-day scheme?

Case (2) - Saedi Pyin

On May 24, 2026, a Rohingya family of seven—comprising two men, four women, and a 4-year-old girl—who were internally displaced (IDPs) from Saedi Pyin Village in Rathedaung Township, Sittwe District, Rakhine State, were traveling by boat when the military junta's navy opened fire on them. The naval attack resulted in the immediate deaths of six family members at the scene. Following the assault, the junta forces further committed an extrajudicial execution by killing the sole survivor, a 4-year-old girl.

Case (3) - Ngan Hlwan & Thabyay Thar

On May 27, 2026, at approximately 11:00 AM, a combined force of military junta troops and its proxy Pyu Saw Htee militia advancing from Ngazun Town launched a military offensive along the Tar Baung embankment road toward Ngan Hlwan and Thabyay Thar villages in Ngazun Township, Myingyan District, Mandalay Region. During the raid, the junta forces carried out weaponized drone strikes, killing seven internally displaced persons (IDPs) who had fled from Dat Taw and Ku La villages. The fatalities included a 40-year-old male local defense member from the Dat Taw village tract, as well as a 55-year-old male, a 30-year-old female, and a 13-year-old male from Dat Taw Village, alongside a 35-year-old male, a 30-year-old male, and a 61-year-old female from Ku La Village. Additionally, two others—a 25-year-old male local defense member and a 7-year-old female child—sustained severe injuries.

| Evidence Photo of Ngan Hlwan Village Case

Note

The case studies presented above are verified incidents systematically documented and compiled by the Ministry of Human Rights